နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တောဒဂ်ရ ပုဂ္ဂိုလ်ထူးများ

အမှတ်စဉ် (၁)

ရတ္တညူတောဒဂ် (ရဟန်းသိက္ခာ ဝါ အကြီးဆုံး တောဒဂ်)ရ အရှင်ကောဏ္ဍညထေရ်

မြတ်စွာဘုရားရှင်က သူ့ရဲ့သာသနာတော်မှာ သူတပါးတို့ထက် ထူးခြားစွာ ပါရမီဖြည့်ခဲ့ပြီး ဆုတောင်းနဲ့လာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေကို သူတို့ ဆုတောင်းတွေနဲ့ သက်ဆိုင်တဲ့ တောဒဂ်ဘွဲ့ထူးနဲ့ ချီးမြှောက်တော်မူခဲ့ပါတယ်။ တောဒဂ် ဆိုတာ အမြတ်ဆုံးပုဂ္ဂိုလ် အသာဆုံးပုဂ္ဂိုလ်လို့ အဓိပ္ပါယ်ရပါတယ်။ တောဒဂ်ဘွဲ့ထူး ရခဲ့တဲ့ ပုဂ္ဂိုလ်အရေအတွက်ကို အင်္ဂုတ္တိုရ်ပါဠိတော် ဧကကနိပါတ်မှာ မှတ်တမ်းတင် ဖော်ပြထားတာက အမျိုးသားရဟန်း ၄၇ ပါး၊ အမျိုးသမီးရဟန်းမ ၁၃ ပါး၊ အမျိုးသားဥပါသကာ ၁၀ ဦး နဲ့ အမျိုးသမီး ဥပါသိကာမ ၁၀ ဦး၊ စုစုပေါင်း ဦးရေ ၈၀ ရှိပါတယ်။

အဲဒီထဲက ပထမဆုံး ပြောပြလိုတာကတော့ အရှင်ကောဏ္ဍညထေရ်အကြောင်းပါ။ အရှင်ကောဏ္ဍည ဆိုလိုက်တာနဲ့ ပဉ္စဝဂ္ဂီ ငါးဦးထဲက အကြီးဆုံးမထေရ် ဖြစ်တယ်ဆိုတာ အားလုံးသိကြမှာပါ။ မြတ်စွာဘုရားပြီးရင် သာသနာတော်မှာ ပထမဦးဆုံး ရဟန်းအဖြစ် ခံယူခဲ့တဲ့ပုဂ္ဂိုလ်ပါ။ ဒါ့ကြောင့် သာသနာတော်မှာ သိက္ခာ ဝါ အကြီးဆုံး တောဒဂ်ဖြစ်တဲ့ ရတ္တညူတောဒဂ်ကို ရရှိတာဖြစ်ပါတယ်။ ရတ္တညူ ဆိုတာ ရတ္တိ နဲ့ ညူ ကို ပေါင်းထားတာ ဖြစ်ပါတယ်။ ရတ္တိ က ရဟန်းဖြစ်ခဲ့တဲ့ နေ့ရက်ပေါင်း လို့ အဓိပ္ပါယ်ရပြီး ညူ ဆိုတာက သိသူလို့ အဓိပ္ပါယ်ရပါတယ်။ ရဟန်းဖြစ်ခဲ့တဲ့ နေ့ရက်တွေ တစ်နည်းပြောရရင် ရဟန်းတော်များ လိုက်နာကျင့်သုံးရတဲ့ အကျင့်သိက္ခာတွေ ကျင့်သုံးခဲ့တဲ့နေ့ရက်တွေကို သိတဲ့သူလို့ ဆိုလိုတာပါ။ အဲဒီလို ရဟန်းသိက္ခာ ကျင့်သုံးခဲ့တဲ့ နေ့ရက်တွေကို သိတဲ့ရဟန်းတော်တွေအထဲမှာ အရှင်ကောဏ္ဍညဟာ အသာဆုံး၊ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်လို့ ဒီ ရတ္တညူ တောဒဂ်ဘွဲ့ထူးကို ရခဲ့တာပါ။

ဤအရှင်မြတ် ဘာ့ကြောင့် ဒီရတ္တညူတောဒဂ် ရခဲ့တယ်ဆိုတာ ရှင်းမပြခင် အရှင်မြတ်ကြီးရဲ့ အတုယူစရာကောင်းတဲ့ လောကအပေါ် ရှုမြင်ပုံရယ်၊ ကိလေသာအပူတွေကနေ လွတ်မြောက်နိုင်တဲ့နလုံးသွင်း ဆင်ခြင်နည်းရယ်၊ နောက်ပြီး အပေါင်းအသင်းများပြီး လမ်းမှားရောက်သွားတဲ့ အပြောခက် အဆိုခက် တပည့် တစ်ပါးကို ဆုံးမပုံတွေကို အရင်ဆုံး ပြောပြချင်ပါတယ်။

လောကအပေါ် ရှုမြင်ပုံ

တစ်ခါတော့ အရှင်မြတ်ကြီးဟာ မကောင်းတဲ့အတွေးအကြံတွေ ဖိစီးနှိပ်စက်ခံနေရတဲ့ အချို့လူတွေရဲ့ မကောင်းတဲ့စိတ်နေစိတ်ထား ဖြစ်နေပုံတွေ၊ အတွေးအကြံ များယွင်းနေပုံတွေကို ဆင်ခြင်မိပါတယ်။ အဲဒီအခါမှာ

ဒီမကောင်းတဲ့အတွေးအကြံတွေက လွတ်မြောက်အောင် ဘယ်လိုတွေးကြံ ဘယ်လို နှလုံးသွင်းရ မယ်ဆိုတာကို သတိထားမိလို့ရယ်၊ နောက်ပြီး မိမိကိုယ်တိုင်လဲ ဒီလို အတွေးမှား အကြံမှားအဖြစ်ကနေ အမြဲ လွန်မြောက်ပြီး ဖြစ်တယ်ဆိုတာကို ဆင်ခြင်မိလို့ရယ် ဖော်ပြပါ ဂါထာနှစ်ပုဒ်ကို ဟောခဲ့ပါတယ်။ ဒါကို ထေရဂါထာပါဠိတော်မှာ မှတ်တမ်းတင်ခဲ့ပါတယ်။

ဗဟူနိ လောကေ စိတြာနိ၊ အသ္မိံ ပထဝိမဏ္ဍလေ။

မထေန္တိ မညေ သင်္ကပ္ပံ၊ သုဘံ ရာဂူပသံဟိတံ။

" ဤလူ့လောက၌ လူတို့သည် ဆန်းကျယ်သော အာရုံမျိုးစုံကို တင့်တယ်ပါပေ၏ , ကောင်းမြတ်ပါပေ၏ဟု တပ်မက်မှုရာဂနှင့် ယှဉ်တွဲနေသည့် မှားယွင်းသည့်အတွေးများဖြင့် လုံးထွေးနေကြလေယောင်တကား။"

ရဇ`မုဟတဉ္စ ဝါတေန၊ ယထာ မေဃော`ပသမ္မယေ။

ဇဝံ သမ္မန္တိ သင်္ကပ္ပါ၊ ယဒါ ပညာယ ပဿတိ။

" ကောင်းကင်တခွင် တစ်နွေလုံး လေကြောင့် တက်နေသော မီးခိုး၊ ဖုန်စသော မြူမှုန်အညစ်အကြေးကို နွေကာလနောက်ဆုံး မိုးဦးကျအခါ သည်းထန်စွာရွာသွန်းသော မိုးကြီးသည် တစ်ခဏခြင်း ငြိမ်းပျောက် သန့်ရှင်းသွာစေသကဲ့သို့ အကြင်အခါ၌ အရိယာသူတော်ကောင်းတပည့်သည် ကောင်းစွာနှလုံးသွင်းအပ်သော ဉာဏ်ပညာဖြင့် ထိုဆန်းကျယ်သော အာရုံမျိုးစုံကို ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ ထိုအခါ ထိုအာရုံများအပေါ် ရာဂနှင့်ယှဉ်သည့် မကောင်းသည့်အတွေးများ တစ်ခဏချင်း ငြိမ်းသွားကုန်၏။"

ဒီနှစ်ဂါထာရဲ့ အဓိပ္ပါယ်ကို နားလည်အောင် ထေရဂါထာ အဋ္ဌကထာဖွင့်အတိုင်း ရှင်းပြပါ့မယ်။ လောက လူသားတွေဟာ မိမိတို့ နေ့စဉ်ရင်ဆိုင် ကြုံတွေ့နေရတဲ့ အဆင်း၊ အသံစတဲ့ အာရုံမျိုးစုံနဲ့ ယောက်ျားမိန်းမစတဲ့ အာရုံတွေအပေါ်မှာ လှလိုက်တာ၊ ကောင်းလိုက်တာ၊ ချစ်ခင်စရာ၊ မြတ်နိုးစရာတွေပဲဆိုပြီး တပ်မက်မှုတွေ ခင်တွယ်မှုတွေဖြစ်ပြီး သံယောဇဉ်တွေနဲ့ ငြိတွယ်လုံးထွေး ရစ်ပတ်နေကြတယ်။ ကိုယ်ချစ်ခင် စွဲလန်းထားတဲ့ သက်ရှိသက်မဲ့ အရာတွေ တစ်နည်းနည်းနဲ့ ဖောက်ပြန်ပျက်စီးသွားတဲ့အခါ သံယောဇဉ် ငြိတွယ်မှု အားကြီးရင် အားကြီးသလောက် သောကပရိဒေဝမီးတွေ တောက်လောင်ကြရတယ်။ ဒီ သက်ရှိသက်မဲ့ အာရုံတွေရဲ့ သဘောမှန်ကို အကြောင်းရယ်၊ သာယာဖွယ်ရယ်၊ အားနည်းချက် အပြစ်ရယ်၊ လွတ်မြောက်ကြောင်းရယ် ဒီလေးချက်နဲ့ ချဉ်းကပ်ပြီး မှန်ကန်တဲ့ အသိဉာဏ်နဲ့ မြင်အောင်ကြည့်နိုင်ရင်တော့ ဆိုခဲ့တဲ့ သက်ရှိသက်မဲ့ အာရုံတွေအပေါ်မှာ တပ်မက်မှု ကိလေသာနဲ့ယှဉ်တွဲပြီး တွေးမြင်တတ်တဲ့ အတွေးမှား အကြံမှားတွေဟာ တစ်ခဏချင်း ငြိမ်းသွားတော့တာပါပဲ။ ဥပမာ တစ်ဆောင်းတွင်းလုံး တစ်နွေလုံး လေရူးတွေကြောင့် ကောင်းကင် တခွင် တက်နေတဲ့ ဖုန်မှုန့်၊ မီးခိုးစတဲ့ မြူအညစ်အကြေးတွေဟာ မိုးဦးကျ မိုးအကြီးအကျယ်ရွာလိုက်တယ်ဆိုရင် ပဲ တစ်ခဏချင်း ရှင်းလင်းသွားသလိုပါပဲ။

မိမိတို့ ပတ်ဝန်းကျင်မှာ နေ့စဉ်တွေ့ကြုံနေရတဲ့ သက်ရှိသက်မဲ့ အာရုံမျိုးစုံတွေဟာ ကံ စိတ် ဥတု အာဟာရစတဲ့ အကြောင်းတရားတွေပေါ်မှာ ရပ်တည်နေကြတဲ့အရာတွေချည်းပါပဲ။ အကြောင်းတစ်ခုခု ဖောက်ပြန်သွားရင် အချိန်မရွေး တစ်ခဏချင်း ဖောက်ပြန်ပျက်စီးနေကြတာပါ။ ဒီသဘောကို သိမြင်ထားရင်

ဖောက်ပြန်ချိန်ရောက်လို့ ဖောက်ပြန်သွားတာပဲ၊ ဖောက်ပြန်တတ်တဲ့သဘာဝမို့ ဖောက်ပြန် ပျက်စီးသွားတာပဲလို့ ဉာဏ်နဲ့တွေးဆင်ခြင်လိုက်ရင် သောကအပူမီးတွေ တောက်လောင်မှု သက်သာပါတယ်။ ဒီအာရုံတွေကို အကြောင်းပြုပြီး မိမိတို့မှာ ကျေနပ်မှုတွေ၊ စိတ်ချမ်းသာမှုတွေ ရနိုင်သလို ဒီအာရုံတွေကြောင့်ပဲ အပူမျိုးစုံ ချက်ချင်းတောက်လောင်နိုင်တယ်ဆိုတာကိုလဲ ဉာဏ်နဲ့ ဆင်ခြင်ရပါမယ်တဲ့။ ကိုယ့်ကံအားလျော်စွာ ရရှိနေတဲ့ သက်ရှိသက်မဲ့အရာတွေကြောင့် မိမိတို့ ဖြစ်ချင်တာတွေ ဖြစ်ရတဲ့အခါ ကိုယ်မှန်းတိုင်း ပေါက်တဲ့အခါ ပျော်ရွှင်မှုတွေ ကြည်နူးမှုတွေ စိတ်အေးချမ်းသာမှုတွေ ရကြပါတယ်။ တစ်ခါတစ်လေတော့လဲ ဒီသက်ရှိသက်မဲ့ အာရုံမျိုးစုံကြောင့်ပဲ မိမိမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ပြီး ဒုက္ခတွေရောက် အပူမီးတွေ တောက်လောင်နေကြရတာလဲ ဒုနဲ့ဒေးပါ။ သာယာမှုနဲ့ ပူလောင်မှုတွေဟာ ဒီအာရုံတွေကို အကြောင်းပြုပြီး ဖြစ်တတ်တဲ့ သဘာဝတွေလို့ နားလည်ထားရင်တော့ သာယာဖွယ်စိတ်အေးချမ်းသာဖြစ်မှုကို အကြောင်းပြုပြီး မာန်မတက် တော့သလို ပူလောင်မှုတွေ အလိုမကျမှုတွေနဲ့ ကြုံရပြန်တော့လဲ သောကကို ဆင်ခြင်သိနဲ့ ဖြေသိမ့်ပြီး အေးဆေးတည်ငြိမ်စွာ နေတတ်လာပါမယ်။ ကိုယ်ကြုံတွေ့ခွင့်ရနေတဲ့ အာရုံတိုင်းမှာ ဆိုင်ရာ အကြောင်းတရား တွေရှိတယ်၊ သာယာကျေနပ်ဖွယ်တွေလဲရှိတယ်၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စရာတွေလဲ ရှိတယ်လို့ မြင်အောင်ကြည့်ထားနိုင် ဆင်ခြင်နလုံးသွင်းနိုင်ရင် ဒီမြင်အောင်ကြည့်နိုင်ခြင်း ဆင်ခြင်နိုင်ခြင်းဟာ အပူဒုက္ခ တွေကနေ လွတ်ကြောင်းတရား ဖြစ်တော့တာပါပဲ။ ဒါကြောင့် အာရုံတိုင်းကို အကြောင်းရယ်၊ သာယာဖွယ်ရယ်၊ အားနည်းချက်ရယ်နဲ့ လွတ်မြောက်ကြောင်းရယ်ဆိုပြီး မြင်ထောင့် လေးခုနဲ့ ကြည့်တတ် မြင်တတ်အောင် ကြိုးစားရမှာ ဖြစ်တယ်။ ဒီလေးခုနဲ့ မြင်အောင် မကြည့်တတ်သရွေ့တော့ အာရုံတိုင်းက နှိပ်စက်တာကို မျက်ရည်ပေါက်ကြီးငယ်ကျပြီး ပြားပြားဝပ် ခံနေကြရမှာ ဖြစ်ပါတယ်။ ဒေါ့ကြောင့် အရှင်ကောဏ္ဍညမထေရ်က ဒီမြင်ထောင့်လေးခုနဲ့ အာရုံတွေရဲ့ သဘောမှန်ကို သိပြီဆိုရင် သောကအပူမီးတွေ တိုးပွားကြောင်း မားယွင်တဲ့ အတွေးအမြင်တွေ ငြိမ်းအေးမှာ အမှန်ဖြစ်တယ်လို့ ဟောတာဖြစ်ပါတယ်။

ကိလေသာအပူမီးတွေ ငြိမ်းအောင် ဆင်ခြင်နည်း

အရှင်မြတ်ကြီးက ဆက်ပြီး ကိလေသာအပူမီးတွေကနေ အပြီးတိုင်လွတ်အောင် နလုံးသွင်း ရှုပွား နည်းကို လည်း အောက်ပါအတိုင်း ဟောထားပါသေးတယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ-အလုံးစုံကုန်သော၊ သင်္ခါရာ-ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါး တို့သည် ပြုပြင်အပ်ကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်၊ အနိစ္စာ-အမြဲမရှိကုန်၊ ဣတိ-ဤသို့၊ ယဒါ-အကြင်အခါ၌၊ ပညာယ-ဝိပဿနာဉာဏ်ပညာဖြင့်၊ ပဿတိ-မြင်၏။ အထ-ထိုသို့ မြင်သောအခါ၌၊ ဒုက္ခေ-သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-ငြီးငွေ့၏။ ဧသ - ဧသော - ဤသံသရာဝဋ်၌ ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေသာမှ စင်ကြယ်သော နိဗ္ဗာန်ကို၊ မဂ္ဂေါ-ရခြင်း၏အကြောင်း ဖြစ်ပါပေ၏။

သဗ္ဗေ-အလုံးစုံကုန်သော၊ သင်္ခါရာ-ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါး တို့သည် ပြုပြင်အပ်ကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်၊ ဒုက္ခာ-ဆင်းရဲကုန်၏၊ ဣတိ-ဤသို့၊ ယဒါ-အကြင်အခါ၌၊ ပညာယ-ဝိပဿနာဉာဏ်ပညာဖြင့်၊ ပဿတိ-မြင်၏။ အထ-ထိုသို့ မြင်သောအခါ၌၊ ဒုက္ခေ-သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-ငြီးငွေ့၏။ ဧသ - ဧသော - ဤသံသရာဝဋ်၌ ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေသာမှ စင်ကြယ်သော နိဗ္ဗာန်ကို၊ မဂ္ဂေါ-ရခြင်း၏အကြောင်း ဖြစ်ပါပေ၏။

သဗ္ဗေ-အလုံးစုံကုန်သော၊ ဓမ္မာ - ပညတ်နှင့်တကွဖြစ်ကုန်သော သင်္ခါရတရားတို့သည်၊ အနတ္တာ-အတ္တဟုဆိုအပ်သော အနှစ်မရှိကုန်၊ ဣတိ-ဤသို့၊ ယဒါ-အကြင်အခါ၌၊ ပညာယ-ဝိပဿနာဉာဏ်ပညာဖြင့်၊ ပဿတိ-မြင်၏။ အထ-ထိုသို့ မြင်သောအခါ၌၊ ဒုက္ခေ-သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-ငြီးငွေ့၏။ ဧသ - ဧသော - ဤသံသရာဝဋ်၌ ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေသာမှ စင်ကြယ်သော နိဗ္ဗာန်ကို၊ မဂ္ဂေါ-ရခြင်း၏အကြောင်း ဖြစ်ပါပေ၏။

ကိလေသာအပူခပ်သိမ်းမှ စင်ကြယ်စေဖို့ ကိလေသာအပူမီးတွေ အပြီးတိုင်ငြိမ်းတဲ့ နိဗ္ဗာန်ရဖို့အတွက် ရှုမှတ်ပွားများပုံကိုလည်း ဟောတော်မူခဲ့ပါတယ်။ လောကမှာရှိကြတဲ့ သက်ရှိရုပ်တရားတွေက ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးကို အခြေခံပြီး ဖြစ်လာကြတာ၊ သက်မဲ့ တော တောင် ရေ မြေမှာ ရှိကြတဲ့ ရုပ်တရားတွေက ပူခြင်း အေးခြင်းဆိုတဲ့ ဥတုကို အကြောင်းခံပြီး ဖြစ်နေကြတာ။ စိတ် စေတသိက်ဆိုတဲ့ သက်ရှိတွေမှာရှိတဲ့ နာမ်တရားတွေကတော့ အနီးကပ်ဆုံးအကြောင်းအနေနဲ့ အာရုံနဲ့ ဒွါရ နှစ်ပါးဆုံလို့ ဖြစ်နေကြတာပါ။ ဘာပဲဖြစ်ဖြစ် ရုပ်တရား နာမ်တရားမှန်သမျှဟာ အကြောင်းတရားတွေက ပြုပြင်ကျေးဇူးပြုပေး လိုက်လို့ ပေါ်လာရတာ ဖြစ်လာရတာဖြစ်လို့ သင်္ခါရတရားတွေချည်းပါပဲ။ ဒီ သင်္ခါရတရားမှန်သမျှဟာလဲ အခိုက်အတန့်မျှသာ တည်နိုင်တာမို့ အနိစ္စ-မမြဲတဲ့တရားတွေ ဖြစ်တယ်၊ ခုပဲ ဖြစ်ပေါ်လာပြီး ခုပဲ ပျက်ပျက် သွားတတ်တာမို့ အနိစ္စ-မမြဲတဲ့တရားတွေ ဖြစ်တယ်။ ဖြစ်ချည် ပျက်ချည် မပြတ်နှိပ်စက်ခံနေရလို့ ဒုက္ခ-တရားတွေ ဖြစ်တယ်၊ အခံရ ခက်တဲ့အတွက်ကြောင့်မို့လဲ ဒုက္ခတရားတွေဖြစ်တယ်။ သုခရဲ့ ဆန့်ကျင်ဘက် ဖြစ်လို့လဲ ဒုက္ခတရားတွေ ဖြစ်တယ်။ ပညတ်တရားတွေနဲ့တကွ သင်္ခါရတရားမှန်သမျှဟာ ထာဝရမပျက်မစီး အမြဲတည်နိုင်ခြင်းဆိုတဲ့ အတ္တအနှစ်သာရ မရှိလို့လဲ အနတ္တတရားဖြစ်တယ်။ ကိုယ့်အလိုသို့ ဘယ်သောအခါမှ မလိုက်လို့လဲ အနတ္တတရားတွေ ဖြစ်တယ်။ အတ္တမှ ဆိတ်သုဉ်းနေတဲ့သဘော အတ္တရဲ့ ဆန့်ကျင်ဘက် သဘောရှိတဲ့အတွက်ကြောင့်လဲ အနတ္တတရားတွေ ဖြစ်တယ်။ ယခုလို အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေသာ ဖြစ်တယ်လို့ ဝိပဿနာဉာဏ်ဖြင့် မြင်လာပြီဆိုရင် သက်ရှိသက်မဲ့ ခန္ဓာတွေအပေါ်မှာ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ်တွေ ရင့်သန်လာမယ်။ နိဗ္ဗိန္ဒဉာဏ်တွေ ရင့်သန်လာတာနဲ့အမျှ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာကို

ပယ်သတ်လာနိုင်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်းဆိုတဲ့ သစ္စာလေးချက်ကို ထိုးထွင်းသိအနေနဲ့ သိလာမှာ ဖြစ်ပါတယ်။ ဤကဲ့သို့ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်ရင့်သန်လာခြင်းဟာ ကိလေသာအပူခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ အသိဉာဏ်ထူးတွေနဲ့ မျက်မှောက်ပြု သိမြင်လာဖို့ အဓိကအကြောင်းဖြစ်တယ်။ ဒါ့ကြောင့် ဖြစ်ဆဲရုပ်နာမ်သင်္ခါရတရားတွေကို အနိစ္စဉာဏ်အမြင်၊ ဒုက္ခဉာဏ်အမြင်၊ အနတ္တဉာဏ်အမြင်ဆိုတဲ့ ဝိပဿနာဉာဏ်အမြင်နဲ့ မြင်နိုင်အောင် ကြိုးစားပွားများ အားထုတ်ရမှာဖြစ်ပါတယ်။ ဒီလို ပွားများအားထုတ်နေခြင်းဟာ ကိလေသာအပူခပ်သိမ်း ကင်းငြိမ်းရာ ကင်းငြိမ်းကြောင်း လမ်းကောင်းလမ်းမှန် အစစ်ဖြစ်တယ်ဆိုတာကို အရှင်မြတ်ကြီးက သတိပေး ဟောကြားတော်မူခဲ့တာဖြစ်ပါတယ်။

အပြောခက် အဆိုခက် တပည့်ကို ဆုံးမခြင်း

အရှင်မြတ်ကြီးသည် တစ်နေ့သောအခါမှာ မိမိရဲ့ တပည့်ရင်းရဟန်းတစ်ပါး အပေါင်းအသင်းမှားပြီး ရဟန်းတရား အားမထုတ် ပျင်းရိနေပြီး စိတ်တွေလေနေတာကို သိတဲ့အခါ ထိုရဟန်းရှိရာ ကြွပြီး ဆုံးမပါတယ်။ ငါ့ရှင်....ဤကဲ့သို့ မပြုကျင့်ပါနဲ့၊ မကောင်းတဲ့မိတ်ဆွေယုတ်ကို ပယ်စွန့်ပြီး မိတ်ကောင်းဆွေကောင်းတွေကို မှီဝဲဆည်းကပ်ပါ၊ ရဟန်းတရားကို ကြိုးစားအားထုတ်ပါလို့ ဆုံးမဩဝါဒပေးပါတယ်။ အဲဒီလို ဆုံးမတာကို တပည့်ရဟန်းဖြစ်သူက နားမထောင်ပါဘူး။ ဒီလို တပည့်က နားမထောင်တာကို အရှင်မြတ်ကြီးက သံဝေဂဖြစ်ပြီး မကောင်းတဲ့အကျင့် ပြုကျင့်တာကို ကဲ့ရဲ့ရှုတ်ချတဲ့အနေနဲ့ရော ကောင်းမွန်စွာ ကျင့်ကြံတာနဲ့ အဖော်မမှီး တစ်ကိုယ်တည်းနေတာကို ချီးကျူးလိုတဲ့အနေနဲ့ပါ ဆုံးမတရား ဟောခဲ့ပါတယ်။

ဥဒ္ဓတော စပလော ဘိက္ခု၊ မိတ္တေ အာဂမ္မ ပါပကေ။

သံသီဒတိ မဟောဃသ္မိံ၊ ဦမိယာ ပဋိကုဇ္ဇိတော။

သမာဓိမရှိဘဲ စိတ်ပျံ့လွင့် တုန်လှုပ်နေသော, အဝတ်သင်္ကန်းနှင့် ကိုယ်ခန္ဓာကိုသာ ကြောင့်ကြစိုက်ပြုပြင်နေသော ရဟန်းသည် မကောင်းသော မိတ်ဆွေယုတ်ကို အကြောင်းပြုပြီး ရဟန်းတရားကို အားမထုတ်ဘဲ သံသရာရေလျဉ်ကြော၌ မြောပါပြီး အမျက်ထွက်ခြင်း အလိုမကျပင်ပန်းခြင်း လှိုင်းတံပိုးတွေကြောင့် နစ်မြုပ်ကာ ဝိပဿနာအားထုတ်ခြင်းဖြင့် ပညာဦးခေါင်း ထောင်ခွင့်မရဘဲ ထိုသံသရာ ရေလျဉ်ကြော၌သာ နစ်မြုပ်ပျက်စီးရလေ၏။ ဥပမာအားဖြင့် မဟာသမုဒ္ဒရာထဲ ကျသွားသော ယောက်ျားသည် သမုဒ္ဒရာလှိုင်းတံပိုးတွေ လွှမ်းမိုးခံရပြီး ဦးခေါင်းပေါ်ခွင့်တောင်မရဘဲ နစ်မြုပ်သလိုမျိုးပါပဲ။

အနုဒ္ဓတော အစပလော၊ နိပကော သံဝုတိန္ဒြိယော။

ကလျာဏမိတ္တော မေဓာဝီ၊ ဒုက္ခဿန္တကရော သိယာ။

စိတ်မပျံ့လွင့် စိတ်တည်ငြိမ်သော, အဝတ်အစားနှင့် ခန္ဓာကိုယ်လှပရေးအတွက် ကြောင့်ကြမထား လျှပ်ပေါ်လော်လီမှုမရှိသော, မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ ကောင်းကျိုးကို သိနားလည်သော, မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဆိုတဲ့ ဣန္ဒြေ ၆ ပါးကို စောင့်ထိန်းသော, မိတ်ဆွေကောင်းရှိသော ပညာရှိပုဂ္ဂိုလ်သည်သာလျှင် ဝဋ်ဆင်းရဲဒုက္ခ ကုန်ဆုံးအောင် ချုပ်ငြိမ်းအောင် ပြုနိုင်၏-လို့ ရဟန်းတော်များကို တရားဟောကြားပြီး " ငါသည်

ဤကဲ့သို့ ဆုံးမလို့ မရတဲ့ တပည့်နှင့် အတူနေသဖြင့် ဘာအကျိုးရှိမလဲ၊ တစ်ပါးတည်း နေခြင်းကသာလျှင် ငါ့အတွက် ပိုကောင်းတယ်" လို့ ဆုံးဖြတ်ချက်ချပြီး ဟိမဝန္တာတောသို့ ကြွသွားတော်မူခဲ့ပါတယ်။

အရှင်ကောဏ္ဍညထေရ်၏ ရှေးကောင်းမှု

ဤအရှင်မြတ်ဟာ ရှေးရှေး ပွင့်တော်မူသွားကြတဲ့ ဘုရားရှင်တွေအထံမှာ သံသရာဝဋ်မှ လွတ်မြောက်ကြောင်း ကောင်းမှုကုသိုလ်တွေ ဖြည့်ကျင့်ခဲ့ပြီး ဒီကမ္ဘာကနေ နောက်ပြန်ရေတွက်လိုက်ရင် ကမ္ဘာတစ်သိန်းကာလမှာ ပွင့်တော်မူတဲ့ ပဒုမုတ္တရာမြတ်စွာဘုရားလက်ထက် ဟံသာဝတီမင်းနေပြည်တော်မှာ သူဌေးသားတစ်ဦးအဖြစ်နဲ့ ဖွားမြင်ခဲ့တယ်။ အရွယ်ရောက်တဲ့အခါ တစ်နေ့မှာတော့ ပဒုမုတ္တရာမြတ်စွာဘုရားထံ တရားနာနေတုန်း မြတ်စွာဘုရားရှင်က ရဟန်းတော်တစ်ပါးကို သူ့ရဲ့သာသနာမှာ ပထမဦးဆုံး သစ္စာလေးပါးတရားသိမြင်တဲ့အရာမှာ အသာဆုံး ရတ္တညူဧတဒဂ်ရာထူးပေးတာကို ကြုံတွေ့လိုက်ရပါတယ်။ ဒီအခါမှာ ဤအရှင်မြတ်လောင်း သူဌေးသားက အားကျပြီး နောက်ပါရဟန္တာတစ်သိန်းနဲ့အတူ ပဒုမုတ္တရာမြတ်စွာဘုရားရှင်ကို မိမိအိမ်ပင့်ကာ ခုနစ်ရက်ခုနစ်လီ ဆွမ်းဆက်ကပ်၊ တိစီဝရိက်သင်္ကန်းအစုံစုံလှူဒါန်း အလှူကြီးပေးပြီး မြတ်စွာဘုရားထံတော်မှာ " မြတ်စွာဘုရား….တပည့်တော်သည် ပြီးခဲ့တဲ့ ခုနစ်ရက်က အရှင်ဘုရားဧတဒဂ်ရာထူးပေးခဲ့သည့် ရဟန္တာအရှင်မြတ်ကဲ့သို့ နောင်ပွင့်တော်မူမည့် ဘုရားသာသနာတော်မှာ ရဟန်းပြု၍ ပထမဦးဆုံး တရားသိမြင်သော(ရတ္တညူဧတဒဂ်ရ)ပုဂ္ဂိုလ် ဖြစ်ရပါလို၏ " လို့ ဆုပန်ခဲ့ပါတယ်။ ပဒုမုတ္တရာဘုရားရှင်ကလဲ အနာဂတံသဉာဏ်တော်ဖြင့်ကြည့်ပြီး " အမောင်အမျိုးကောင်းသား….ဒီကမ္ဘာကနေ နောင်ကမ္ဘာတစ်သိန်းကာလမှာ ဂေါတမမြတ်စွာဘုရားပွင့်လိမ့်မည်၊ သင်သည် ထိုဘုရားရှင်၏ တရားဦး ဓမ္မစကြာကိုနာပြီးသည့်အဆုံးမှာ နတ်ပြဟ္မာ ၁၈ ကုဋေနှင့်အတူ သောတာပတ္တိဖိုလ်တည်လိမ့်မည်" လို့ ဗျာဒိတ်စကားမြွက်ကြားတော်မူခဲ့ပါတယ်။

အရှင်မြတ်လောင်း သူဌေးသားလည်း အသက်ထက်ဆုံး ကောင်းမှုကုသိုလ်တွေ ပြုလုပ်နေခဲ့ပြီး ပဒုမုတ္တရာမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံလို့ စေတီတော်တည်တဲ့အခါမှာလဲ စေတီတော်အတွင်းပိုင်းမှာ ရွှေဓာတ်တော်တိုက်နဲ့ စေတီတော်ယင်ပြင် ပတ်ပတ်လည်မှာ ဝတ်ပြုပူဇော်စရာ ရတနာတန်ဆောင်းတွေဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ဒီလိုနဲ့ အဲဒီတစ်ဘဝလုံး ကောင်းမှုကုသိုလ်တွေ ပြုရင်း စုတေကွယ်လွန်တော့ လူ့ပြည် နတ်ပြည်တွေမှာပဲ စုံချည်ဆန်ချည် ဖြစ်ခဲ့ပြီး ဝိပဿီမြတ်စွာဘုရား လက်ထက်မှာ " မဟာကာလ " ဆိုတဲ့အမည်နဲ့ သူကြွယ် ဖြစ်ခဲ့ပါတယ်။ သူ့မှာ စူဠကာလ ဆိုတဲ့ ညီငယ် တစ်ယောက်လဲ ရှိပါတယ်။ သူတို့ညီအစ်ကို နှစ်ယောက်ဟာ စီးပွားမခွဲဘဲ အတူလုပ်ကိုင်စားသောက် နေထိုင်ကြတယ်။ သူတို့မှာ ၁၆ မင်းပယ်ကျယ်တဲ့ သလေးစပါးခင်းတွေလဲ ရှိပါတယ်။ မင်းပယ်ဆိုတာ အဲဒီခေတ်က လယ်မြေဧကတွေကို တိုင်းတာတဲ့ တိုင်းတာနည်းစံနစ် ဝေါဟာရတစ်ခုဖြစ်ပါတယ်။ တစ်နေ့တော့ အကိုဖြစ်သူ မဟာကာလက ညီဖြစ်သူ စူဠကာလနဲ့ ဝိပဿီမြတ်စွာဘုရားအမှူးရှိတဲ့သံဃာတွေကို ဖုံးစလုံးစ နို့နှစ်ရည်ပြည့်နေတဲ့ သလေးစပါးနနလေးတွေနဲ့ နို့ဃနာဆွမ်းချက်ပြီး လှူဒါန်းချင်တဲ့အကြောင်း တိုင်ပင်ပါတယ်။ ညီဖြစ်သူက သလေးစပါးတွေ မမှည့်မရင့်သေးခင် လှူတာကို သဘောမကျပါဘူး၊ သူက သလေးစပါးမှည့်ရင့်ခါမှ

အသေအချာ ချက်ပြုတ်ပြီး လှူဒါန်းချင်တာပါ။ ဒါပေမဲ့လဲ အကိုကြီး မဟာကာလက ခုလို မရင့်တရင့် နို့နှစ်ရည် ပြည့်ဝနေတဲ့ သလေးစပါးနုနုထွင့်ထွင့်လေးတွေကို လှူချင်နေတယ်။ ဒါနဲ့ ညီအစ်ကိုနှစ်ယောက်ဟာ သူတို့ နှစ်ဦးပိုင်တဲ့ လယ်မြေ တဆယ့်ခြောက်မင်းပယ်ကို ထက်ဝက်စီခွဲပြီး ရှစ်မင်းပယ်စီ ခွဲလိုက်ကြပါတယ်။ အကို မဟာကာလက သူ့သလေးစပါးစိုက်ခင်းကနေ နို့နှစ်ရည် တည်နေတဲ့ ဖုံးစလုံးစ သလေးစပါးနှံတွေကို ရိတ်ပြီး ရေမရောတဲ့နို့ရည်စစ်စစ်နဲ့ နို့ဃနာဆွမ်းချက်၊ ထောပတ် ပျားရည် တင်းလဲတွေ ထည့်စွက်ပြီး ဝိပဿီ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆက်ကပ်လှူဒါန်းပါတယ်။ သူ့ရဲ့ လှူလိုတဲ့စိတ်စေတနာ ထက်သန်မှုကြောင့် သလေးစပါးခင်းကလဲ သူ့ရိပ်လိုက်တဲ့နေရာတိုင်းမှာ အနံ့ အသစ်တွေ ပြန်ပြန်ထွက် လာပါတယ်။ ဒီလိုနဲ့ အရှင်ကောဏ္ဍညမထေရ်လောင်း မဟာကာလသူကြွယ်ဟာ ကောက်ရိတ်တော့ ရိတ်ဦးအလှူ၊ စပါးထုံးတော့ စပါးထုံးဦးအလှူ၊ တလင်းမှာ စုပုံတော့ တလင်းဦးအလှူ၊ စပါးတင်းရေ ရေတွက်ချိန်တွယ်တော့ ချင့်ဦး(ချိန်ဦး)အလှူ၊ စပါးကျီထဲ ထည့်သွင်းတော့ ကျီဦးအလှူ စသဖြင့် တစ်ကြိမ်ပေါ်တဲ့ ကောက်စပါးနဲ့ပတ်သက်ပြီး အဦးအဖျားအလှူ ကိုးကြိမ် ကိုးခါ ပြုလုပ်လှူဒါန်းခဲ့ပါတယ်။ ယခုလို ဦးဦးဖျားဖျား လှူဒါန်းခြင်းဟာလဲ တရားထူးကို ပထမဦးဆုံး သိခွင့်ရဖို့ရန်အတွက် ပါရမီကောင်းမှု ကုသိုလ်တွေ ဖြစ်ပါတယ်။

ဒီလိုနဲ့ မဟာကာလသူကြွယ်ဟာ ဝိပဿီမြတ်စွာဘုရားလက်ထက် အသက်ရှည်သမျှကာလပတ်လုံး ဒါန၊ သီလကောင်းမှုတွေ ဖြည့်ကျင့်ခဲ့ပြီး အဲဒီဘဝက စုတေကွယ်လွန်တော့ နတ်ပြည်မှာ ဖြစ်၊ နတ်ပြည်ကနေ စုတေပြန်တော့ လူ့ပြည်မှာဖြစ် စသဖြင့် နတ်ပြည်၊ လူ့ပြည်တွေမှာပဲ ကျင်လည်ခဲ့ပြီး ယခု ဂေါတမမြတ်စွာဘုရား လက်ထက်တော်မှာတော့ ကပိလဝတ်မြို့တော်နဲ့ မနီးမဝေးမှာရှိတဲ့ ဒေါဏပုဏ္ဏားရွာက ပုဏ္ဏားသူဌေးမျိုးမှာ လူလာဖြစ်ပါတယ်။ သူ့နာမည်ကို မျိုးရိုးအနွယ်လိုက်ပြီး ကောဏ္ဍညလို့ ခေါ်ကြတယ်။ ကောဏ္ဍညပုဏ္ဏားလေး အရွယ်ရောက်တဲ့အခါ ဝေဒကျမ်းဂန်တွေသင်ယူပြီး ဗေဒင်သုံးပုံ တစ်ဖက်ကမ်းခတ် တတ်မြောက်ပါတယ်။ အဲဒီအချိန်မှာ ဂေါတမမြတ်စွာ ဘုရားလောင်းလဲ တုသိတာနတ်ပြည်က စုတေပြီး ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးရဲ့ သားတော်အဖြစ်နဲ့ မွေးဖွားလာပါတယ်။ သုဒ္ဓေါဒနမင်းက သားတော်လေးဘုရားလောင်း နာမည်ပေး ကင်းပွန်းတပ်မင်္ဂလာ ဆင်ယင် ကျင်းပတဲ့နေ့မှာ ပုဏ္ဏားတော်ပညာရှိ ၁၀၈ ယောက် ဖိတ်ပြီး အလှူအတန်း လုပ်ပါတယ်။ အဲဒီထဲကမှ ကောဏ္ဍညပုဏ္ဏားလေး အပါအဝင် အတော်ဆုံး ပုဏ္ဏားရှစ်ယောက် ရွေးချယ်ပြီး ဘုရားလောင်းကလေးကို လက္ခဏာကြည့် နိမိတ်တော် ဖတ်ခိုင်းပါတယ်။ ကောဏ္ဍညပုဏ္ဏားထက် အသက်အရွယ်ကြီးတဲ့ ပုဏ္ဏား ခုနစ်ယောက်ကတော့ ဒီမင်းသားလေးဟာ လူ့ဘဝနဲ့နေရင် စကြာဝတေးမင်း ဖြစ်လိမ့်မယ်၊ ရဟန်းဝတ်ရင်တော့ ဘုရားဖြစ်လိမ့်မယ်လို့ နှစ်ခွ ဟောခဲ့ကြတယ်။ အငယ်ဆုံး ကောဏ္ဍည ပုဏ္ဏားလေးကတော့ ဆုတောင်းနဲ့လာတဲ့ ပါရမီရှင် ဒီဘဝ ဧကန်ကျွတ်တမ်းဝင်မဲ့ ပစ္ဆိမဘဝိကပုဂ္ဂိုလ်ပီပီ သူ့ရဲ့ ပညာစွမ်းနဲ့ ကြည့်ကာ "ဤမင်းသားလေးသည် သစ္စာလေးပါးသိမြင်၍ ဧကန်ဘုရားဖြစ်မည့်သူဖြစ်သည်။" လို့ ရဲရဲတောက် တစ်ခွန်းတည်း ဟောခဲ့ပြီး ဘုရားလောင်း တောထွက်မဲ့နေ့ကို နားစွင့်စောင့်မျှော်ရင်း နေခဲ့ပါတယ်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားလဲ ကြီးကျယ်ခမ်းနားတဲ့ဘုရင့်အဆောင်အယောင်တွေနဲ့ ကြီးပြင်းခဲ့ပြီး ပါရမီဉာဏ်ရင့်သန်လာတဲ့ နှစ်ဆယ့်ကိုးနှစ်အရွယ်မှာတော့ တောထွက်၊ အနော်မာမြစ်ကမ်းမှာ ရဟန်းပြုကာ

ဥရုဝေလတောထဲမှာ သွားပြီး တရားကျင့်ပါတယ်။ ဘုရားလောင်း တောထွက်ပြီး ရဟန်းဝတ်နဲ့ တရားကျင့်နေပြီဆိုတာကို ကောဏ္ဍညပုဏ္ဏားသိလိုက်တဲ့အခါ ကောဏ္ဍညပုဏ္ဏားက သူနဲ့ လက္ခဏာအတူကြည့်ဖက် ပုဏ္ဏားခုနစ်ယောက်ရဲ့ သားတွေကို သွားတွေ့ပြီး ခုလိုပြောပါတယ်။ " အမောင်တို့... ခု သိဒ္ဓတ္ထမင်းသား တောထွက်ရဟန်းဝတ်ပြီး တရားကျင့်နေပြီ၊ သင်တို့ ဖခင်တွေများ ခုနေခါ ရှိခဲ့လျှင် သူတို့လဲ သိဒ္ဓတ္ထနောက် လိုက်ကာ ရဟန်းဝတ်ပြီး ဘုရားဖြစ်ချိန်ကို စောင့်မှာဖြစ်တယ်။ ခု သူတို့တွေ မရှိကြတော့ မောင်ရင်တို့တွေ ငါနဲ့အတူ သိဒ္ဓတ္ထနောက်လိုက်ပြီး ရဟန်းပြုကြရအောင်"လို့ တိုင်ပင်ပါတယ်။ ဒီအခါမှာ သူတို့ထဲက ကောဏ္ဍညပုဏ္ဏားနဲ့အတူ လေးယောက်ပဲ လိုက်ပြီး ဘုရားလောင်းနောက်လိုက်ကာ ရသေ့ရဟန်း ဝတ်ကြပြီး ဒုက္ကရစရိယာကျင့်နေတဲ့ ဘုရားလောင်းကို ဝတ်ကြီးဝတ်ငယ်ပြုစုရင်း ဘုရားဖြစ်ချိန်ကို စောင့်နေခဲ့ကြတယ်။ ဒီလိုနဲ့ ဘုရားအလောင်းတော်ဟာ အစာရေစာ ဖြတ်၊ နမ်းတစ်လုံး ဆွမ်းတစ်စေ့ ရေတစ်ပေါက်လောက်ပဲ အစာရေစာမှီဝဲစားသောက်ပြီး ဒုက္ကရစရိယာအကျင့်ကို ကျင့်လိုက်တာ ခြောက်နှစ်ကြာသွားတယ်။ ကောဏ္ဍညတို့ငါးဦးကလဲ ဘုရားလောင်း ဒီလို အပြင်းအထန်ကျင့်နေတာကို သိပ်ပြီးကျေနပ်အားရ ဖြစ်နေကြတယ်။ ဒီပုံစံနဲ့ ဆက်သွားရင် ဘုရားမဖြစ်ပဲ သေဖို့ရာသာရှိတော့တဲ့အတွက် ဘုရားအလောင်းတော်ဟာ ထိုအကျင့်ကို စွန့်လွှတ်၊ အစာရေစာ မျှတအောင် ပြန်စားပြီး ခန္ဓာကိုယ် အားအင်ပြည့်ဝကျန်းမာလာအောင် စောင့်ရှောက်ခဲ့ပါတယ်။ ဒီအချိန်မှာ ကောဏ္ဍညတို့ငါးဦးက " အော် သိဒ္ဓတ္ထ... ဒီလို အပြင်းအထန်ကျင့်တာတောင် ဘုရားမဖြစ်တာ၊ ခုလို စားကာသောက်ကာနေရင်တော့ ဘယ်မှာ ဘုရားဖြစ်တော့မလဲ၊ ခုတော့ သိဒ္ဓတ္ထဟာ တရားမဖက် အစားမက်တဲ့ ကမ္မဋ္ဌာန်းလူထွက် ဖြစ်ပါပေါ့လား" ဆိုပြီး ဘုရားလောင်းကို ထားခဲ့ကာ ဗာရာဏသီ မိဂဒါန်ဝုန်တောဖက်ကို ထွက်ခွာသွားတော့တယ်။ ကေန်းမုချ ဘုရားဖြစ်မယ့်သူလို့ ဗေဒင် ဟောခဲ့တဲ့ ရှင်ကောဏ္ဍည သူဟောတဲ့ ဗေဒင် သူမယုံတော့တဲ့ သဘောပေါ့။

ဘုရားလောင်းလဲ ကျန်းမာရေးကောင်းလာပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဗောဓိပင်အောက်က အပရာဇိတပလ္လင်တော်ထက်မှာ မာရ်နတ်ရန်ကို အောင်မြင်ပြီး အာနာပါနကမ္မဋ္ဌာန်းကို အခြေခံထား ပွားများအားထုတ်လိုက်တာ သစ္စာလေးပါးသိမြင်ကာ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။ ဘုရားဖြစ်ပြီး ခုနစ်ရက်ခုနစ်လီ လေးဆယ့်ကိုးရက်တိုင်တိုင် မဟာဗောဓိပင်နဲ့ အနီးတဝိုက်မှာ ဖလသမာပတ်ဝင်စားကာ သီတင်းသုံးနေခဲ့ပြီး အရှင်ကောဏ္ဍညအမှူးပြုတဲ့ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောရန်အတွက် ဗာရာဏသီ ပြည် မိဂဒါဝုန်တောသို့ ကြွချီတော်မူခဲ့ပါတယ်။ ဝါဆိုလပြည့်နေ့ညချမ်းအချိန် ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦး ဓမ္မစကြာတရား ဟောကြားပါတယ်။ တရားတော်အဆုံးမှာ အရှင်ကောဏ္ဍည တစ်ပါးထဲ နတ်ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေနဲ့အတူ သောတာပန်ဖြစ်ခဲ့ပါတယ်။ လူသားထဲက ပထမဦးဆုံး သစ္စာလေးပါးတရား သိမြင်ပြီး သောတာပန်ဖြစ်ခဲ့သူပါ။ ဆက်ပြီး မြတ်စွာဘုရားက "ဧဟိ ဘိက္ခု" လို့ ခေါ်တော်မူလိုက်လို့ ဧဟိဘိက္ခု ရဟန်းအဖြစ်နဲ့ ပထမဦးဆုံးရဟန်းဖြစ်သူလဲ ဖြစ်လာခဲ့ပါတယ်။ ဒီလို ပထမဦးဆုံးတရားသိ၊ ပထမဦးဆုံး ရဟန်းဖြစ်ခွင့်ရခဲ့တာဟာ အရှင်မြတ် ဆုပန်ပြီး ပါရမီကောင်းမှုကုသိုလ်တွေ ဖြည့်ခဲ့တဲ့အတွက်ကြောင့်ပါ။ ဝါဆိုလပြည့်ကျော် လေးရက်နေ့မှာတော့ အရှင်ကောဏ္ဍည အပါအဝင် ပဉ္စဝဂ္ဂီ ငါးဦးလုံး ကိလေသာအာသဝေါကုန်ခမ်း ရဟန္တာ ဖြစ်တော်မူခဲ့ကြပါတယ်။

တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားရှင်က အရှင်ကောဏ္ဍညကို နောက်ပိုင်း ဇေတဝန်ကျောင်းတော်ကြီးမှာ သံဃာ့ပရိတ်သတ်အလယ် သာသနာတော်မှာ ပထမဦးဆုံး တရားသိမြင်ခဲ့တာကို အကြောင်းပြုပြီး " တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိ ကောဏ္ဍညော - ရဟန်းတို့... ရဟန်းဖြစ်တဲ့ နေ့ရက်အပိုင်းအခြားကို သိတဲ့ ငါဘုရား၏ တပည့်ရဟန်တော်များတွင် အညာသိ ကောဏ္ဍညသည် အမြတ်ဆုံး အသာဆုံးပုဂ္ဂိုလ်ဖြစ်တယ်" လို့ မိန့်တော်မူပြီး တေဒဂ်အရာထား ရတ္တညူတေဒဂ်ဘွဲ့ကြီး ချီးမြှင့်တော်မူခဲ့ပါတယ်။

စံထားအတုယူစရာ အရှင်မြတ်ကြီး၏ စိတ်နေစိတ်ထား

အရှင်မြတ်ဟာ ဘုရားပြီးလျှင် ပထမဦးဆုံးရဟန်းဖြစ်သူဖြစ်တာကြောင့် ရဟန်းသိက္ခာဝါ အကြီးဆုံး ပုဂ္ဂိုလ်ကြီးပါ။ သာသနာတော်မှာ ရဟန်းတော်များ တစ်ပါးနဲ့တစ်ပါး အရိုအသေပေးရတာက ရာထူးဌာန္တရတွေ၊ မျိုးရိုးတွေ၊ အသက်ကြီးတာငယ်တာတွေနဲ့ မဆိုင်ပါဘူး။ ရဟန်းသိက္ခာဝါကြီးသူကို ငယ်သူက အရိုအသေပေးရပါတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားပြီးရင် ပညာအကြီးဆုံး လက်ယာတော်ရံ အရှင်သာရိပုတ္တရာ၊ တန်ခိုးအကြီးဆုံး လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်တို့က အဂ္ဂသာဝကရာထူး ရထားပေမဲ့ သူတို့ထက် သိက္ခာဝါကြီးတဲ့ အရှင်မြတ်ကြီးကို အရမ်းကို ရိုသေလေးစားကြ၊ ဝတ်ကြီးဝယ်ငယ်တွေ ပြုပေးကြပါတယ်။ ဘွဲ့ထူးဂုဏ်ထူးအနေနဲ့ကြည့်ရင် အရှင်မြတ်ကြီးက မဟာသာဝကရာထူး နေရာမှာရှိနေပြီး၊ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့က အဂ္ဂသာဝကရာထူး ရထားသူတွေပါ။ သို့သော်ငြားလဲ အဂ္ဂသာဝကနှစ်ပါးက နောက်မှ ရဟန်းဖြစ်ကြတာမို့ သိက္ခာဝါငယ်နေတဲ့အတွက် အရှင်မြတ်ကြီးကို အရိုအသေ ပေးရတာပါ။ အရှင်မြတ်ကြီးက သူ့ထက်ရာထူးဌာန္တရကြီးနေတဲ့ အဂ္ဂသာဝကနှစ်ပါးက သူ့ကို တွေ့တဲ့နေရာတိုင်းမှာ အရိုအသေပေးနေရလို့ အနေရအထိုင်ရခက်မှာစိုးတဲ့အတွက် မြတ်စွာဘုရားထံ ခွင့်ပန်ပြီး ဟိမဝန္တာတောထဲက ဆဒ္ဒန်အိုင်အနီးမှာ ဆဒ္ဒန်ဆင်မင်းတွေရဲ့ အစောင့်အရှောက်ကို ခံယူပြီး သီတင်းသုံး နေခဲ့ပါတယ်။ ဒါဟာ အရှင်မြတ်ကြီးရဲ့ ငယ်သူတွေအပေါ် ငဲ့ကွက်ညှာတာတဲ့ ကြည်ညိုစရာ စိတ်ထား၊ စံထားစရာ စိတ်ထား ဖြစ်ပါတယ်။

အရှင်မြတ်ကြီးဟာ မြတ်စွာဘုရားအနီးက ခွာသွားပေမဲ့ လက်လွတ်စပယ် ထွက်ခဲ့တာတော့ မဟုတ်ပါဘူး။ သူ့ရဲ့ကိုယ်စား မြတ်စွာဘုရားကို ပြုစုစောင့်ရှောက်ဖို့ရန်အတွက် တူဖြစ်တဲ့ ပုဏ္ဏလုလင်ကို ရဟန်းဖြစ်အောင် စောင့်ရှောက်ပြီး မြတ်စွာဘုရားထံ အပ်နှံထားခဲ့တာပါ။ နောက်တော့ အရှင်ပုဏ္ဏလဲ ဓမ္မကထိကတေဒဂ်ဘွဲ့ထူး ရခဲ့ပါတယ်။

အရှင်မြတ်ကြီး လူသူမနီး ဟိမဝန္တာတောထဲမှာ နေတာက အဂ္ဂသာဝကနှစ်ပါး အနေခက်မှာစိုးတဲ့ အကြောင်းတစ်ခုတည်းကြောင့်တော့ မဟုတ်ပါဘူး။ သူ့ထံ ဆည်းကပ်လာတဲ့ ရှင်ရဟန်းတွေ၊ ကြည်ညို ဆည်းကပ်တဲ့ ဒကာ၊ ဒကာမတွေနဲ့ အာလာပ၊ သလ္လာပပြောပြီးနေရမှာကိုလဲ မနှစ်သက်လို့ပါ။

အရှင်မြတ်ကြီးဟာ သူ့တရားသူ နလုံးသွင်းပြီး တစ်ကိုယ်တည်း တိတ်ဆိတ်စွာ နေရတာကို နှစ်သက်သဘောကျလို့လဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် အရှင်ကောဏ္ဍညအရှင်မြတ်ဟာ ဟိမဝန္တာတောထဲမှာပဲ တစ်ဆယ့်နှစ်တိုင်တိုင် သီတင်းသုံးပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါတယ်။

နိဂုံးချုပ်အနေအားဖြင့် အရှင်မြတ်ကြီး ဟောကြားတဲ့တရားအတိုင်း လောကအပေါ် မြင်ထောင့်လေးခုဖြင့် မြင်အောင်ကြည့်နိုင်ပြီး အကုသိုလ်မိစ္ဆာဝိတက်များ ပယ်သတ်ကာ ငြိမ်းချမ်းစွာ နေနိုင်ကြပါစေ၊ နေ့စဉ်ကြုံတွေ့နေရတဲ့ သက်ရှိသက်မဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားများအပေါ် ဝိပဿနာဉာဏ်ပညာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မြင်အောင် ပွားများအားထုတ်နိုင်ပြီး သံသရာဝဋ်ဒုက္ခတွေမှ လွတ်မြောက်ကြပါစေ။ မကောင်းတဲ့အပေါင်းအသင်း မိတ်ဆွေတွေကို စွန့်ခွါပြီး မိတ်ကောင်းဆွေကောင်းတွေနဲ့ ပေါင်းသင်းကာ သူတော်တရားကျင့်သုံးနိုင်ကြပါစေ။ အရှင်မြတ်ကြီးကဲ့သို့ အတူနေပုဂ္ဂိုလ်တွေအပေါ် ညှာတာထောက်ထားတဲ့စိတ်နှင့် ပြည့်စုံကြပါစေ၊ ကိုယ့်တရားနှင့်ကိုယ် အေးချမ်းစွာ နေနိုင်ကြပါစေ-လို့ ဆုတောင်းရင်း ဒီနေ့ သင်တန်းကို နိဂုံးချုပ်လိုက်ပါတယ်။

ကျမ်းကိုး---

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပထမအုပ်

၂။အင်္ဂုတ္တိုရ်အဋ္ဌကထာ ပထမအုပ်

၃။ထေရဂါထာပါဠိတော်

၄။ထေရဂါထာအဋ္ဌကထာ ဒုတိယအုပ်

၅။ထေရာပဒါန်ပါဠိတော်

၆။ထေရာပဒါနအဋ္ဌကထာ ပထမအုပ်

အရှင်နေမိန္ဒာဘိဝံသ

မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ

35691, Palomores Road

Castro Valley, C A, U S A.

7:30 PM, 3/15/2018